နေ့စွဲ - ၃၀. ၈. ၀၉

## သူငယ်ချင်းမိတ်ဆွေဖြစ်ခြင်းသို့ ခွဲခန့်မှတ်သားတော်မူခြင်း
## (Predestined Unto Friendship)

"ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကိုရမည်အကြောင်း၊ အလိုတော်ရှိသောစေတနာအတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။" ဧဖက် ၁း၆
"အများသောသူတို့သည် ကျေးဇူးတော်ကိုချီးမွမ်းသည်နှင့် ထိုကြွယ်ဝသောကျေးဇူးတော်သည်၊ ဘုရားသခင်၏ ဘုန်းအသရေတော်ကို ထင်ရှားစေမည်အကြောင်း၊ ခပ်သိမ်းသောအရာတို့သည် သင်တို့အဖို့အလို့ငှာ ဖြစ်သတည်း။" ၂ကော ၄း၁၅
"ဘုရားသခင်သည် မိမိအမျက်တော်ကိုပြ၍၊ တန်ခိုးတော်ကို ထင်ရှားစေခြင်းငှာ အလိုတော်ရှိလျှက်၊ ပျက်စီးခြင်းအဖို့ပြင်ဆင်သော အမျက်ခံရာအိုးများတို့ကို အလွန်သီးခံခြင်းခန္တီနှင့် သည်းခံတော်မူသည်မှန်လျှင် အဘယ်ပြောဖွယ်ရှိသနည်း။" ရောမ ၉း၂၂

ရှင်ပေါလုက ဧဖက် ၁း၁၁ တွင် "မိမိစေတနာအလိုတော်သို့လိုက်၍ အလုံးစုံတို့ကို စီရင်ပြုပြင်တော်မူတတ်သောသူ၏ ကြံစည်ခြင်းရှိသည်အတိုင်း၊ ရှေးမဆွက ခွဲခန့်မှတ်သားတော်မူသည်နှင့်အညီ၊ ငါတို့သည် ထိုခရစ်တော်အားဖြင့် အမွေခံဖြစ်ကြ၏"ဟု ပြောခဲ့သည်။ ဘုရားသခင်၏အကြံအစည်တော်ဆိုသည်မှာ ဖန်ဆင်းခြင်းကြောင့်ဖြစ်လာသောအရာအားလုံးတို့၏ နောက်ကွယ်တွင် ၄င်းတို့ကိုဖြစ်စေရှိစေသော အကြောင်းအရင်းဖြစ်ပါသည်။

### ၁။ ပထမဆုံးချမှတ်သောအမိန့်တော်မြတ်(The First Decree)

အကြံအစည်တော်ဆိုသည့် ဘုရားသခင်ပြုတော်မူမည့်အမိန့်တော်အစီအစဉ်ထဲတွင် တခုသောအမိန့်တော်ကို အရေးကြီးဆုံးဟု ဘုရားသခင်က သတ်မှတ်တော်မူသည်။ ထိုအကြောင်းကို ရှင်ပေါလုက သူ၏ကြီးမြတ်သောစာစောင်၏အစ ဧဖက် ၁း၄-၅တွင် အားပါးတရပြောပြပါသည်၊ "ဤကမ္ဘာမတည်မရှိမှီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင်သော အရာတို့၌ ခပ်သိမ်းသောဓမ္မမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှုခရစ်တော်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။" ၄င်းကို ရွေးကောက်တော်မူခြင်းဟု ခေါ်ပါသည်။ ထိုအမိန့်တော်သည် ဘုရားသခင်၏အကြံအစည်တော်ထဲတွင် ပထမဆုံးဖြစ်သည်၊ အခြား မည်သည့်အမိန့်တော်မှ မချမှတ်ခင် ချမှတ်သည်။

ပြောချင်သည်မှာ၊ ဘုရားသခင်သည် မိမိ၏သုံးပါးတဆူဖြစ်ခြင်းအတွင်းတွင် ပြည့်စုံသောဘုန်းအသရေတော်ဖြင့် နေထိုင်တော်မူသည်၊ ပြည့်စုံသောချစ်ခြင်းမေတ္တာကို အချင်းချင်းတို့၌ဝေငှခံစား၍ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် ဆိုသည့် ပဋိညာဉ်မိတ်သဟာယထဲတွင်ဖြစ်သည်။ ထိုဘုန်းအသရေတော်ကို သူတို့၏ပြင်ပတွင်လည်း ထင်ဟပ်နေစရန် အလိုတော်ရှိကြလေသည်။ သူပါးတဆူ၏အသက်တာထဲသို့ ထာဝရဝင်ရောက်ကာ ခံစားနိုင်မည့် လူတစုကို ဖန်ဆင်းခြင်းဖြင့် ထိုရည်ရွယ်ချက်ကို ပြည့်မြောက်စေတော်မူသည်။ ထိုအမိန့်တော်ကို ကျမ်းစာက "ရွေးကောက်တော်မူခြင်း"ဟုခေါ်ပါသည်။ ဘုရားသခင်သည် မိမိ၏ထာဝရအလိုတော်ဖြင့် လူတခုကို မိမိအဖို့ရွေးချယ်ကာ၊ သူတို့ကို သားတော်သခင်ယေရှုခရစ်တော်အားဖြင့် သူ၏သားသမီးများ ဖြစ်စေတော်မူသည်။

ထိုအမိန့်တော်မြတ်မှနေ၍၊ ဘုရားသခင်၏သားသမီးတယောက်စီတိုင်း၏ ဘဝများ၏အစိတ်အပိုင်းတခုတွင် တွေ့ရမည့်၊ အထူးစပယ်ရှယ်ကျသောအတွေ့အကြုံတို့ ထွက်လာကြခြင်းဖြစ်သည်။ ဘုရားသခင်သည် သူတို့ကို ဤအပြစ်နှင့်ကမ္ဘာကြီးထဲမှနေ၍ သူနှင့်အတူ ထာဝရနေထိုင်ရန် ရွေးကောက်တော်မူသည်၊ ခေါ်တော်မူပါသည်။ ထိုခေါ်တော်မူခြင်းအတွေ့အကြုံကို ခရစ်ယာန်တို့က အချိန်ဆိုသည်၏အတွင်းတွင် ခံစားကြရပါသည်။ ရောမ ၈း၃၀ တွင်ရှင်းပြပါသည်၊ "ထိုသို့ ခွဲခန့်မှတ်သားနှင့်သောသူ

တို့ကို ခေါ်တော်မူ၏၊” ထိုအတွေ့အကြုံနောက်မှနေ၍ ကျေးဇူးတော်၏ ကြီးမြတ်သော၊ အံ့သြစရာ ကောင်းသော ကောင်းချီးမင်္ဂလာတို့သည် ခရစ်ယာန်၏အသက်တာတွင် ပြည့်လျှက်လာပါတော့သည်။

## ၂။ အကြံအစည်တော်၏အစီအစဉ်(The Order of the Counsel)

အကြံအစည်တော်ထဲတွင် အခြားသောအမိန့်တော်များလဲ ရှိပါသည်။ ဤစကြဝဠာ ကမ္ဘာလောကကြီးထဲရှိနေသည့် အရာခပ်သိမ်းကို တကယ်ရှိလာစေသော အမိန့်တော်များဖြစ်သည်။ သို့သော် ထိုအရာများအားလုံးက ပထမဖြစ်သော ရွေးကောက်ခြင်းအမိန့်တော်မြတ်ကို၊ ပုံစံတမျိုးမျိုးနှင့်၄င်း၊ သူနေရာနှင့်သူ၌၄င်း အမှုဆောင်ပေးကြပါသည်။

ထိုအမိန့်တော်များအစီအစဉ်သည် အချိန်၏အထဲတွင် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ထံတွင် အတိတ်(သို့)အနာဂတ်ဆိုသည်မျိုး မရှိပါ။ အရာခပ်သိမ်းသည် ပစ္စုပ္ပန်ချည်းသာဖြစ်ပါသည်(၂ပေ ၃း၈)။ ထိုကြောင့် အမိန့်တော်များ၏ အစီအစဉ်ဆိုသည်မှာ မည်သည့်အမိန့်တော်က ပို၍အရေးကြီးသနည်း၊ မည်သည်က ရည်ရွယ်ချက်နည်း၊ မည်သည်က အထူးဖြစ်သနည်း ဆိုသည့်အချက်တို့တွင် ဖြစ်ပါသည်။ အချို့သောအမိန့်တော်များသည်၊ ရည်ရွယ်ချက်နှင့်ဖြစ်မြောက်ခြင်း တခါတည်းပါသည်။ အချို့သောအမိန့်တော်များမှာ၊ အရေးကြီးသောအမိန့်တော်များဖြစ်မြောက်လာဖို့ အမှုဆောင်ပေးရန် သက်သက်ဖြစ်သည်။ အချို့သောအမိန့်တော်များသည် ကြားနေအဖြစ်နှင့်ဖြစ်သည်၊ ဥပမာ ကောင်းကင်မှ စာငှက်တကောင် ပြုတ်ကျခြင်း (မဿဲ ၁၀း၂၉)။ အချို့သောအမိန့်တော်များသည် သူ့ကို စိတ်မကျေနပ်စေသောအမိန့်တော်များဖြစ်သည်၊ ဥပမာ အပြစ်များပြုလုပ်ခြင်း။ သို့သော် ထိုအမိန့်တော်များ ရှိနေပါသည်၊ အဘယ်ကြောင့်ဆိုသော် ရည်ရွယ်တော်မူချက် ပြည့်စုံစေဖို့ ဖြစ်သည်။ ဘုရားသခင်က ကောင်းသည် ဆိုသည့်ရည်မှန်ချက်ရောက်အောင် အားလုံးကအမှုဆောင်ကြပါသည်။

ထိုရည်ရွယ်ချက်ကို ပေါလုက ၁ကော ၃း၂၁-၂၃တွင် ဖေါ်ထုတ်ပါသည်၊ “ထိုသို့ဖြစ်လျှင်၊ အဘယ်သူမျှ လူတို့၌ ဝါကြွားခြင်းမရှိစေနှင့်၊ ခပ်သိမ်းသောအရာတို့သည် သင်တို့အဖို့ဖြစ်ကြ၏။ ပေါလုဖြစ်စေ၊ အာပေါလုဖြစ်စေ၊ ကေဖဖြစ်စေ၊ ဤလောကဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ သေခြင်းဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောက်လာလတံ့သောအရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့သည် သင်တို့အဖို့ဖြစ်ကြ၏။ သင်တို့သည်လည်း၊ ခရစ်တော်အဖို့ ဖြစ်ကြ၏။ ခရစ်တော်သည်လည်း ဘုရားသခင်အဖို့ ဖြစ်တော်မူ၏။” ဘုရားသခင်၏စိတ်တော်ထဲတွင် အဖိုးအတန်ဆုံးသောအရာသည်၊ သူ၏သားတော် သခင်ယေရှုခရစ်ဖြစ်သည်ဟု ပေါလုကပြောနေခြင်းဖြစ်သည်။ နောက်ဆက်တွဲအရာခပ်သိမ်းသည် ထိုသားတော်၏ဘုန်းတော်ကို ထင်ရှားထုတ်ဖေါ်ဖို့ရန်ဖြစ်သည်၊ အရာခပ်သိမ်းကို ဝိညာဉ်တော်အား ဖြင့်သူ့ကို (သားတော်ကို) ပေးတော်မူသည်။ ထိုသို့ဖြင့် သူ့ထံသို့ သားသမီးအဖြစ်မွေးစားခံရမည့် လူတစုနှင့် အခြားအရာခပ်သိမ်းကို ပေးတော်မူသည်။ ဖန်ဆင်းခြင်းတခုလုံးကို အသေးစိတ်သိတော်မူကာ၊ ဖြစ်ပျက်သမျှအရာအားလုံးသည် သူတို့အတွက်(သားတော်နှင့်သူ၏လူများ)သာ ဖြစ်ပျက်စေခြင်းဖြစ်သည်။ ထိုအမှန်တရားကို ပေါလုက ကဗျာဆန်စွာဖြင့် ၂ကော ၄း၁၅ တွင်ရေးပါသည်၊ “အများသောသူတို့သည် ကျေးဇူးတော်ကိုချီးမွမ်းသည်နှင့်၊ ထိုကြွယ်ဝသောကျေးဇူးတော်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ထင်ရှားစေမည်အကြောင်း၊ ခပ်သိမ်းသောအရာတို့သည် သင့်တို့အဖို့အလို့ငှာ ဖြစ်သတည်း။”

ထိုအမှန်တရားကို ဆုတ်ကိုင်နားလည်နိုင်ခြင်းသည်၊ ခရစ်ယာန်တယောက်သိနိုင်သော ကြီးမြတ်လှသောအံ့သြစရာအကြောင်းများထဲမှ တခုဖြစ်ပါသည်။ ကျွန်တော်တို့ဘေးတွင်ရှိသော ကမ္ဘာလောကကြီးကို ကြည့်လိုက်လျှင်၊ ရှောလမုန်ပြောသလိုပင် ကျွန်တော်တို့လဲ ပြောကြမည်အမှန်ဖြစ်သည်၊ “အနတ္တသက်သက်၊ အနတ္တသက်သက် ခပ်သိမ်းသောအရာတို့သည် အနတ္တဖြစ်ကြ၏” (ဒေ ၁း၂)။ သို့သော် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ရည်ရွယ်ချက်သည်၊ ဖြစ်ပျက်နေသမျှအရာအားလုံးတို့ဖြင့် အကောင်အထည်ဖေါ်လျှက်/ပေါ်လျှက်ရှိကြောင်းကို နားလည်လာသောအခါ၊ ဘဝ၏နာကျင်ဝမ်းနည်းမှုအားလုံးကို အောင်နိုင်စေမည့် ကြီးမားသောနှစ်သိမ့်မှုကို ကျွန်တော်တို့ထံ ရောက်စေပါသည်။ ရောမ ၈း၂၈ “ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏ အကျိုးကို ခပ်သိမ်းသော အရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့ သိကြ၏။” ထိုသိခြင်းသည် “ခွဲခန့်မှတ်သားတော်မူခြင်းအမှန်တရား”ကို သေချာစွာနည်းလည်ခြင်း၏ ရလဒ်ဖြစ်ပါသည်။

## ၃။ အပြစ်၏နေရာ (The Place of Sin)

မေးခွန်းကျန်သေးသည်၊ အကယ်၍ ဘုရားသခင်၏ရာ်ရွယ်ချက်သည် ကောင်းသည်မှန်လျှင်၊ အဘယ်ကြောင့် ဆိုးညစ်ခြင်းနှင့်နာကျင်ခြင်းတို့ ရှိနေရပါသနည်း။

အပြစ်သည် ဘုရားသခင်၏ အလိုတော်အားဖြင့် ဤလောကထဲရောက်လာကြောင်း ငြင်းဖို့ အတော်ခက်ပါမည်။ ဝဲစ်မင်စတာဝန်ခံချက်က “ဘုရားသခင်၏စောင်မတော်မူခြင်းအကြောင်း”ကို ပြောသည့်နေရာတွင် ဤသို့ဝန်ခံသည်၊ “ဘုရားသခင်၏ အနန္တတန်းခိုးတော်၊ ရှာ၍မကုန်နိုင်သော ဉာဏ်ပညာ၊ အနန္တကောင်းမြတ်တော်မူခြင်းတို့သည် သူ၏စောင်မတော်မူခြင်းထဲတွင် ထင်ရှားစွာပေါ်ထွက်နေပါသည်၊ ထိုစောင်မတော်မူခြင်းသည် ပထမဆုံးအပြစ်ထဲသို့ကျဆုံးခြင်းအထိ ကြယ်ပြန့်လှပါသည်။”

ထို့အပြင် ကျမ်းစာထဲ၌ ဘုရားသခင်က လူဆိုးများအပေါ် အုပ်စိုးတော်မူကြောင်း တလျှောက်လုံးတွေ့နေရပါသည်။ ဉပမာ ဖါရောဘုရင်၊ ထွက် ၄း၂၁ “သူ၏နှလုံးကို ငါခိုင်မာစေ၍၊ သူသည် ဣသရေလလူတို့ကို မလွှတ်ဘဲ နေလိမ့်မည်။” ထိုသို့ ဘုရားသခင်က ခိုင်မာစေသည့်အခါ၊ ခေါင်းမာခြင်းအပြစ်သည် ဖါရောဘုရင်အပေါ်၌သာရှိလျှက်၊ ဘုရားသခင်၏အပြစ်မဟုတ်ရမည့် နည်းလမ်းဖြင့် ပြုတော်မူခြင်းဖြစ်သည်။ ဘုရားသခင်က ဖါရောကို မှန်သည့်အရာလုပ်နိုင်ရန် ပြောပြသည်၊ သို့သော် ဖါရောနှလုံးသားမှဆုံးဖြတ်သဖြင့်၊ ဘုရားသခင်ကခိုင်းသည်ကို မလုပ်ဘဲနေတော့သည်။ ထိုအချက်သည် အပြစ်ကို ဘုရားသခင်က တုန့်ပြန်ပုံဖြစ်တော်မူသည်။

ထို့အပြင် ရည်ရွယ်တော်မူချက် ပြည့်စုံပြီးသောအခါ၊ ဖါရောနှင့်ပတ်သက်၍ ဤသို့ ပြောတော်မူသည်၊ “အကယ်စင်စစ်၊ ငါ့တန်ခိုးကို သင်၌ ငါပြခြင်းငှာ၎င်း၊ ငါ့နာမကို မြေကြီးတပြင်လုံးတွင် ကျော်စောစေခြင်းငှာ၎င်း၊ သင့်ကို ငါချီးမြှောက်ခဲ့ပြီ” (ထွက် ၉း၁၆)။ ထိုအဖြစ်မျိုးသည် သူ့ထံ၌သာ ဖြစ်နိုင်သည် မဟုတ်ပါ၊ ကျွန်တော်တို့ထံတွင်လည်း ဖြစ်နိုင်ပါသည်၊ ဘုရားသခင်ကသာ ကျွန်တော်တို့ကို မရွေးကောက်ခဲ့လျှင် ဖြစ်လာမည့်ရလဒ်မှာ မတွေးဝံ့စရာပင်။

ထိုအဖြစ်ပေါ်တွင် အခြေခံ၍ “ငြင်းပယ်ခြင်းခံရသူများ”၏ တည်ရှိနေမှုအကြောင်းကိုသိနိုင်ပါသည်။ ငြင်းပယ်တော်မူခြင်းအမိန့်တော်သည် ထာဝရကာလကထည်းက၊ ရွေးကောက်တော်မူခြင်းဘေးတွင် ရှိနေပြီး ဖြစ်ပါသည်၊ ဘုရားသခင်၏ထာဝရရည်ရွယ်ချက်တခုဖြစ်ပါသည်၊ ထာဝရအသက်ကိုရရန် ထာဝရကာလမှရွေးကောက်သူလူတစုရှိသည်၊ နောက်လူတစုလည်းရှိသည်၊ ထိုသူတို့သည် ရွေးကောက်ခြင်းခံရသူတို့နှင့် ကျေးဇူးတော်ဖြင့် ကယ်တင်ခံရခြင်းမှလွဲ၍ အားလုံးအတူတူပင်ဖြစ်သည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာဖြင့် ရွေးကောက်ခြင်း မရှိခဲ့ပါက၊ မည်သို့ဖြစ်သွားမည် ဆိုသည်ကို သိရန် ထိုသို့ပြုခြင်းဖြစ်သည်။ ထိုသူတို့သည် ဘုရားသခင်၏နုတ်ကပတ်တော်ကိုလည်း ငြင်းပယ်ကြသည်၊ ထို့ကြောင့် သူတို့ကို ဘုရားသခင်က ဆန့်ကျင်တော်မူလျှက် မိမိတို့အပြစ်များကြောင့် ဖျက်ဆီးခြင်းခံရသူများ ဖြစ်လာစေတော်မူသည်၊ ၁ပေ ၂း၇-၈တွင် ဤသို့ဖတ်ရပါသည်၊ “နားမထောင်သော သူတို့၌ကား၊ တိုက်ကို တည်လုပ်သောသူများ ပယ်ထားသော ကျောက်သည် နောက်တဖန် တိုက်ထောင့် အထွဋ်ဖျားသို့ ရောက် ပြန်၏။ နားမထောင်ဘဲ နှုတ်ကပတ်တရားတော်ကို ထိမိ၍ လဲသောသူတို့သည် ထိမိ၍ လဲစရာကျောက်၊ မှားယွင်းစရာ ကျောက်လည်း ဖြစ်၏။ ထိုအမှုနှင့် တွေ့စေခြင်းငှာ ထိုသူတို့ကို ခန့်ထားတော်မူသတည်း။” သူတို့သည် ဘုရားသခင်၏ရွေးကောက်ခြင်းရည်ရွယ်ချက် ပြည့်စုံရန် အမှုကိုဆောင်ဖို့ ရှိနေကြခြင်းဖြစ်သည်ဟု ရှင်ပေါလုက နိဂုံးချုပါသည်၊ ရောမ ၉း၂၂-၂၃ “ဘုရားသခင်သည် မိမိအမျက်တော်ကိုပြ၍၊ တန်ခိုးတော်ကို ထင်ရှားစေခြင်းငှာ အလိုတော်ရှိလျှက်၊ ပျက်စီးခြင်းအဖို့ပြင်ဆင်သော အမျက်ခံရာ အိုးများတို့ကို အလွန်သီးခံခြင်းခန္တီနှင့် သည်းခံတော်မူသည်မှန်လျှင် အဘယ်ပြောဖွယ်ရှိသနည်း။ ချီးမြှောက်ခြင်းအဖို့ ပြင်ဆင်တော်မူနှင့်သော ဂရုဏာခံရာ အိုးများတည်းဟူသော၊ ယုဒအမျိုးသားတို့အထဲမှသာမဟုတ်၊ တပါးအမျိုးသားတို့အထဲမှ ပရောဖက်ဟောရှေဆိုသည်အတိုင်း ခေါ်တော်မူသော ငါတို့၌ ဘုန်းအာနုဘော်တော် ကြွယ်ဝခြင်းကို ထင်ရှားစေခြင်းငှာ ပြုတော်မူသည်မှန်လျှင်၊ အဘယ်ပြောဘွယ်ရှိသနည်း။” အပြစ်နှင့်ဆိုးညစ်သူများသည် ဘုရားသခင့်ရွေးကောက်ခြင်း ခံရသူများ၏အမှုကို ထမ်းဆောင်ပေးကြဖို့ရန် ရှိနေကြခြင်းသာဖြစ်ပါတော့သည်။( Predestined Unto Friendship by Rev. B. Woudenberg ကိုဘာသာပြန်သည်။)

## အသင်းတော်၊ အစ္စရေး – အပိုင်း (၁)

(The Church, Israel - Part 1)

ဘုရားသခင်သည် အာဗြဟံထံ သူ၏ပဋိညာဉ်ကိုပြုတော်မူခဲ့သည် (ကမ္ဘာ ၁၂)၊ အာဗြဟံ၏အမျိုးအနွယ်(seed)က ကတိတော်ပြည့်စုံခြင်းအနေနှင့် ခါနန်ပြည်ကိုအမွေရမည်ဟု သေချာစေတော်မူသည်။

သို့သော် ထိုကတိတော်များကို (သို့) ဓမ္မဟောင်းကျမ်းစာကို ကျွန်တော်တို့ဖတ်သည့်အခါ၊ သခင်ယေရှုလည်းမရှိ၊ ဓမ္မသစ်ကျမ်းစာကိုလည်းမရေး ဆိုသည့်ပုံစံဖြင့် မဖတ်ကြရပါ၊ ပို၍ရှင်းအောင်ပြောရလျှင် ဓမ္မဟောင်းကျမ်းစာကို ဓမ္မသစ်၏အလင်းဖြင့်သာ ဖတ်ရမည်ဖြစ်သည်။ ဓမ္မဟောင်းကျမ်းပိုဒ်တို့ကိုဖတ်တိုင်း "ဒီကျမ်းပိုဒ်ကပြောတဲ့ ကတိတော်နဲ့ပတ်သက်ပြီး၊ ဓမ္မသစ်ကျမ်းစာက ဘယ်လိုပြောမလဲ၊ ဘယ်လိုအဓိပ္ပါယ်သက် ရောက်စေမလဲ"ဟုမေးလျှက် ဖတ်ရပါမည်။

အာဗြဟံနှင့်သူ၏အမျိုးနွယ်ထံ ပြုတော်မူသောပဋိညာဉ်အကြောင်းနားလည်ရန် စဉ်စားရမည့်ကျမ်းပိုဒ် အချို့ရှိပါသည်။

၁။ ရောမ ၉း၆-၇ အစ္စရေးလူမျိုးသည် ပဋိညာဉ်လူမျိုးဖြစ်သော်လည်း အဘယ့်ကြောင့် အနည်းငယ်သာ ကယ်တင်ခြင်းရသနည်း ဆိုသည့်ပြဿနာကိုရှင်းပြသည်။ အယ်ကြောင့် အစ္စရေးအများစုက သခင်ခရစ်တော်ကို ကိုန်ဆဲ၍လမ်းခဲ့ကြသနည်း။ ဘုရားသခင်၏ကတိတော်များ အချည်းနှီးဖြစ်သွားပြီလား။ အစ္စရေးအများစုကြီးက သခင်ခရစ်တော်ကို ငြင်းပယ်၍ ဘုရားသခင်၏ကတိတော်များ ဂွန်းထိုးမှောက်ခုံဖြစ်သွားပြီလား။ စသည့်မေးခွန်းများကို ပေါလုက တခုမှမဟုတ်ပါဟု ဤကျမ်းပိုးများတါင် ရှင်းပြနေခြင်းဖြစ်သည်။

အကယ်၍သာ ဘုရားသခင်၏ကတိတော်များနှင့်ပဋိညာဉ်သည် အစ္စရေးလူမျိုးအတွက်သာ ဖြစ်ခဲ့လျှင်၊ အစ္စရေးလူမျိုးတယောက်မကျန် ကယ်တင်ခြင်းရရမည် ဆိုခဲ့လျှင် ဘုရားသခင်၏ ရည်ရွယ်ချက်များ မပြည့်မြောက်ပါ၊ နုတ်တော်ထွက်များလည်း အချည်းနှီးဖြစ်ရပြီဟု ပြောနိုင်စရာရှိပါသည်။ သို့သော် ရှင်ပေါလုက ငြင်းပါသည်၊ အစ္စရေးလူမျိုးတယောက်မကျန်ကို ကယ်တင်ဖို့ ဘုရားသခင်တွင် အစီအစဉ်မရှိပါ။ ဘုရားသခင်၏အကြံစည်တော်သည်၊ အမြဲတမ်း၊ ကျန်ကြွင်းသောအနည်းငယ်ကိုသာ ကယ်တင်မည် ဟူ၍ဖြစ်သည်။ ထိုအချက်ကို ရောမ ၉း၆ကပြောပါသည်၊ "ထိုသို့ဆိုသော် ဘုရားသခင်၏ ကတိတော် မတည်ဟု ငါမဆိုလို၊ အကြောင်းမူကား ဣသရေလနှင့် ဆက်နွယ်သောသူအပေါင်းတို့သည် ဣသရေလလူမှန်မဟုတ်။"

အစ္စရေးထဲတွင် အစ္စရေးရှိနေပါသည်။ အစ္စရေးနိုင်ငံထဲတွင် ရွေးကောက်ခြင်းခံရသူ ဝိညာဉ်ရေးအသက်ရှိသူ အစ္စရေးအကျန်အကြွင်း အနည်းငယ်ရှိပါသည်။ ပညာရှင် ဂွန်မာရေးက "ဤသို့ခွဲခြားရခြင်းသည်၊ ဘုရားသခင်၏ကတိတော်များ သာမန်အစ္စရေးတို့အားလုံးအတွက်မဟုတ်၊ ထိုစစ်မှန်သောအစ္စရေးတို့အတွက်သာဖြစ်သည် ဆိုသည့်အချက်ကို ထင်ရှားစွာတွေ့မြင်နိုင်ရန်ဖြစ်ပါသည်။ ထို့ကြောင့် မယုံကြည်သော အစ္စရေးနိုင်ငံတခုလုံး ပစ်ပယ်ခံရခြင်းက ဘုရားသခင့် ကတိတော်များ နှင့်ပဋိညာဉ်များပြည့်စုံခြင်းကို နည်းနည်းမှ မနှောက်ယှက်ပါ။ ထို့ကြောင့် နှုတ်ကပတ်တော်သည် အချည်းနှီးဘယ်တော့မှ မဖြစ်ပါ"ဟု ပြောခဲ့ပါသည်။ ရိုးရိုးကလေးပြောရလျှင် - အစ္စရေးနိုင်ငံသားတယောက်မကျန်သည် ရွေးကောက်ခြင်းခံရသော ဝိညာဉ်ရေးအသက်ရှိသော အစ္စရေးအစစ်မဟုတ်ကြပါ။

ထို့ကြောင့် ကမ္ဘာဦးကျမ်း(၁၂)က အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့၏ မျိုးနွယ်အားလုံးကို ပြောနေသည်မဟုတ်ပါ။ သူတို့မျိုးနွယ်တယောက်မကျန် ကယ်တင်ခြင်းခံရမည်၊ အမွေများကိုပိုင်ဆိုင်ရမည်၊ ဥပမာ၊ မြေကိုပိုင်မည်၊ ပဋိညာဉ်ကိုရမည်ဟု ပြောနေခြင်း မဟုတ်ပါ။

၂။ နောက်ကျမ်းပိုဒ်သည် ဧဖက်(၂)ဖြစ်သည်။ ရောမ ၉း၆-၇ တွင် အာဗြဟံ၏သွေးသားဖြစ်ယုံနှင့် ပဋိညာဉ်ကောင်းချီးများရရန် အာမခံချက်မရှိဟုတွေ့ခဲ့ကြပြီဖြစ်သည်။ သခင်ယေရှုကို ကယ်တင်ရှင်အဖြစ်ယုံမှသာ ရပါမည်။ ထိုသို့ဆိုလျှင် အာဗြဟံ၏ သခင်ယေရှုကိုယုံသောအမျိုးအနွယ်သာ ကယ်တင်ခြင်းရမည်ဟု ဆိုလိုပါသလား။ ထို့ကြောင့် ဧဖက် ၂း၁၁ကိုကြည့်ကြပါမည်။

သခင်ခရစ်တော်၏လုပ်ဆောင်ခြင်းများကြောင့် “အစ္စရေး” ဆိုသည့်စကားလုံး၏အဓိပ္ပါယ်သည် ပို၍ကျယ်ပြန့်သွားကြောင်း တွေ့ရပါသည်။ မေရှိယ(သခင်ယေရှု)ကိုယုံကြည်သော အာဗြဟံ၏မျိုးနွယ်တို့သာ မကတော့ပါ၊ ထိုသူတို့တော့ပါပါသည်၊ သို့သော် တပါးအမျိုးသားတို့ကို ပဋိညာဉ်ကောင်းချီးနှင့် မဆိုင်သူ လူစိမ်းများဟု မခေါ်တော့ခြင်းဖြစ်သည်။ သူတို့သည် တနိုင်ငံသားများဖြစ်လာကြပြီဖြစ်သည်။ အတူတကွ ပဋိညာဉ်အမွေ ခံရကြသူများ ဖြစ်လာကြပြီ ဖြစ်သည်။ (ဧဖက် ၂း၁၁-၁၉၊ ၃း၆)

သခင်ခရစ်တော်သည် မိမိ၏လက်ဝါးကပ်တိုင်အားဖြင့် မိမိအတွက် “လူသစ်တမျိုးကို၊ နှစ်မျိုး၏နေရာတွင်” ဖန်ဆင်းတော်မူသည်(ဧဖက် ၂း၁၅)။ ထိုခန္ဓာ၊ လူမျိုးသစ်၊ အသင်းတော်သည် အာဗြဟံထံ ပြုတော်မူသော ကတိတော်များကို အမွေခံမည့် ဘုရားသခင်၏လူမျိုးစစ်ဖြစ်ပါသည်။ ထိုလူသစ်၊ အသင်းတော်၊တွင် ယုံကြည်သော ဂျူးနှင့် တပါးအမျိုးသားတို့ ပါဝင်ကြသည်။ ထိုနှစ်မျိုးလုံးသည် ယွခုအခါ၊ ကတိတော်များကို အတူအမွေခံကြမည့်သူများဖြစ်ကြသည်။

ထို့ကြောင့် ရှင်ပေတရုက ဓမ္မဟောင်းကာလမှအစ္စရေးတို့ခံရသော အထူးအခွင့်အရေးများကို (ထွက် ၁၉း၅-၆) အသင်းတော်၌ လွတ်လပ်စွာ ထည့်သွင်းရေးသားခြင်း ဖြစ်သည်။ ထိုလူသစ်၊ အသင်းတော်သည် “ရွေးချယ်သောအမျိုး၊ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်း ဖြစ်ကြ၏”ဟု ပေတရုက ပြောခဲ့ပါသည်(၁ပေ ၂း၉)။

ရှင်ပေါလုကလဲ ပို၍ရှင်အောင်ထပ်၍ရှင်းမရသောစကားများဖြင့် ဤသို့ပြောပါသည်၊ “အကြောင်းမူကား၊ အပြင်အားဖြင့်သာ ယုဒလူဖြစ်သောသူသည် ယုဒလူမှန်မဟုတ်၊ အပြင်အားဖြင့်သာ ကိုယ်အသား၌ အရေဖျားလှီးခြင်းသည် အရေဖျားလှီးခြင်း အမှန်မဟုတ်၊ အတွင်းအားဖြင့် ယုဒလူဖြစ်သောသူသည် ယုဒလူမှန်၏” (ရောမ ၂း၂၈-၂၉)။ ထပ်၍ “ငါတို့သည် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်ကို ကိုးကွယ်၍၊ ဇာတိကို ကိုးစားခြင်းမရှိဘဲ၊ ယေရှုခရစ်၌သာ ဝါကြွားဝမ်းမြောက်သောသူဖြစ်၍ မှန်သောအရေဖျားလှီးခြင်းကို ခံသောသူဖြစ်ကြ၏”ဟု ဖိ ၃း၃တွင်ဆက်ပြောပါသည်။

လူအများက ငြင်းတတ်ကြသည်မှာ ဤသို့ဖြစ်သည်၊ “ဘယ်လိုဘဲပြောပြောကွာ၊ ကမ္ဘာ ၁၂း၇၊ ၁၃း၁၅-၁၆၊ ၁၇း၇-၈ တွေကိုဖတ်ရင် ဘုရားသခင်က အာဗြဟံနဲ့သူ့အမျိုးတွေကို ပဋိညာဉ်နဲ့အစ္စရေးပြည်ကို အပိုင်ပေးတယ်လို့ဘဲ နားလည်ရတယ်။ အဲဒါ ငြင်းစရာမလိုဘူး မဟုတ်လား။” ထိုမျှနှင့်အဆုံးသတ်၍မရပါ၊ ကျွန်တော်တို့သည် ဆက်၍မေးရပါမည်၊ “သခင်ယေရှုခရစ်ကြွလာတဲ့အခါ၊ ဓမ္မသစ်ကျမ်းစာက၊ အဲဒီ ကတိတော်တွေကိုပေးထားတဲ့ ‘အမျိုးအနွယ်’ဆိုတဲ့သူဟာ ဘယ်သူ့ကို ရည်ညွှန်းနေတယ်လို့ ပြောပါသလဲ။”

၃။ ထိုမေးခွန်း၏အဖြေကို ရောမ ၉၊ ဧဖက် ၂ တို့တွင်သာမကပါ၊ ဂလာတိ ၃ တွင်လည်းတွေ့နိုင်ပါသည်။ ထိုနေရာတွင် ရှင်ပေါလုက ထိုဓမ္မဟောင်းကျမ်းစာပိုဒ်တို့အား မည်သို့အနက်ဖွင့်ရမည်ကို ရှင်းအောင် ပြောပြပါသည်။

ငယ်(၁၆)ကကြေညာပါသည်၊ “ဂတိတော်တို့ကို အာဗြဟံနှင့်သူ၏အမျိုးအနွယ်၌ ထားတော်မူ၏။ အမျိုးအနွယ်တို့ဟု အများသောသူတို့ကို ရည်မှတ်၍ မိန့်တော်မူသည်မဟုတ်၊သင်၏အမျိုးအနွယ်ဟု တယောက်သောသူကို ရည်မှတ်၍ မိန့်တော်မူ၏။ ထိုတယောက်သောသူကား၊ ခရစ်တော်ဖြစ်သတည်း။” အံ့ဩစရာပင်၊ ဤနေရာ၌ပေါလုက ရှင်းနေအောင်ပြောသည်မှာ ဘုရားသခင်က သူ၏ပဋိညာဉ်ကိုင်း၊ အစ္စရေးနိုင်ငံကိုင်း၊ ကတိတော်များကိုင်း ပေးခြင်းခံရသူသည် အာဗြဟံ၏အမျိုးအနွယ် တယောက်ထဲထံသို့သာဖြစ်သည်၊ ထိုသူသည် မေရှိယဆိုသော သခ်ငယေရှုဖြစ်သည်၊ သခင်ယေရှုသည် ထိုအာဗြဟံ၏ အမျိုးအနွယ်ဖြစ်သည်၊ ဘုရားသခင်သည် အာဗြဟံထံ ပဋိညာဉ်ပြု၍ကတိများပေးသည့်အခါ၊ ထိုခရစ်တော်ကို စိတ်ထဲ၌ထားလျှက် ပေးခဲ့ခြင်းဖြစ်သည်။

သင်သည်ခရစ်တော်ကိုယုံကြည်သူဖြစ်လျှင် သင်သည်လည်း အာဗြဟံ၏အမျိုး အနွယ်ဖြစ်သွားပါသည်ဟု ပေါလုက ပြောနေခြင်းဖြစ်သည် “ယုံကြည်ခြင်းရှိသောသူသည် အာဗြဟံ၏သားဖြစ်သည်ဟု အမှန်သိကြလော့” ၃း၇။ “သို့ဖြစ်၍ ယုံကြည်ခြင်းရှိသောသူတို့သည် ယုံကြည်သောအာဗြဟံနှင့်အတူ ကောင်းကြီးမင်္ဂလာကို ခံရကြ၏” (၃း၉၊ ၁၄)။

(The Church, Israel, and "Replacement" Theology - Part 1 by Sam Storms က မှီငြမ်းသည်။)

## လူ့သဘာဝ၏အခြေအနေလေးမျိုး

ဤအခြေအနေလေးမျိုးကို ကျမ်းစာမှယူထားခြင်းဖြစ်သည်၊ ဟစ်ပိုအရပ်ရှိဩဂတ်စတင်ဆိုသူ ပညာရှင်က စနစ်တကျတင်ပြခဲ့သည်။

၁။ အပြစ်လုပ်နိုင်ခြင်း၊ အပြစ်မလုပ်ဘဲလဲနေနိုင်ခြင်း(able to sin, able not to sin - posse peccare, posse non peccare - လက်တင်လိုဖြစ်သည်၊ ပိုစေးပခါရေး၊ ပိုစေးနန်းပခါရေး)

၂။ အပြစ်မလုပ်ရဘဲမနေနိုင်ခြင်း(not able not to sin - non posse non peccare - နန်းပိုစေး နန်းပခါရေး)

၃။ အပြစ်မလုပ်ဘဲနေနိုင်ခြင်း(able not to sin - posse non peccare - ပိုစေး နန်းပခါရေး)

၄။ အပြစ်မလုပ်နိုင်တော့ခြင်း(unable to sin - non posse peccare - နန်းပိုစေး ပခါရေး)

ပထမအခြေအနေသည်၊ အပြစ်မလုပ်ခင်အချိန်ဖြစ်သည်။ ဒုတိယအခြေအနေသည် အပြစ်လုပ်ပြီး၊ ဇာတိလူသားဖြစ်သည်။ တတိယအခြေအနေသည် အသစ်ပြုပြင်ခြင်းခံရပြီး၊ ယုံကြည်သူဖြစ်သည်။ စတုတ္ထအခြေအနေသည် ဘုန်းတော်ဝင်စားပြီးသောယုံကြည်သူဖြစ်သည်။

အခြေအနေ(၄)မျိုးစလုံးတွင် လူသည် မိမိအလိုဆန္ဒအတိုင်း မည်သည်ကိုလုပ်မည်/မလုပ်ပါ ဆိုသည်ကို လွတ်လပ်စွာရွေးချယ်ပါသည်။ သူ၏အလိုဆန္ဒသည် လွတ်လပ်သည်၊ အဘယ်ကြောင့်ဆိုသော် သူ့ကို မည်သူကမျှ မပြင်မှနေ၍ အတင်းတိုက်တွန်းလုပ်ဆောင်စေခြင်းမရှိသောကြောင့်ဖြစ်သည်။ သို့သော် သူ၏အလိုဆန္ဒကို သူ၏ကိုယ်ပိုင်ကိုယ်ကျင့်တရားတိမ်းညွတ်မှုက ချုပ်ကိုင်ထားပါသည်။ ဆိုလိုသည်မှာ ဘုန်းတော်ဝင်စားပြီးသောယုံကြည်သူသည် ကောင်းသည်ကိုသာရွေးပါမည်၊ အဘယ်ကြောင့်ဆိုသော် သူ့နှလုံးသား၏တိမ်းညွတ်ခြင်းသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားဖို့ရန်သာ အမြဲတမ်းဖြစ်နေသောကြောင့် ဖြစ်ပါသည်။ အပြစ်ထဲကျဆုံးပြီးလူသားသည်လည်း အမြဲတမ်း ဘုရားသခင်၏ရှေ့တွင် ဆိုးညစ်ပါသည်ဆိုသည်တို့ကိုသာ ရွေးချယ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် သူစိတ်၏စေ့စော်ချက်တို့သည် မည်သည့်အခါတွင်မျှ မသန့်ရှင်း၍ဖြစ်သည်၊ မည်သည့်အခါတွင်မျှ ဘုရားသခင်၏ဘုန်းတော် ထင်ရှားစေဖို့ စိတ်မပါပါ။

အပြစ်ထဲမကျဆုံးခင်၊ လူသည် ကောင်းမြတ်ခြင်းနှင့်ဆိုးညစ်ခြင်း တခုမဟုတ်တခုကို ရွေးနိုင်ခဲ့သည်။ သူ၏နှလုံးသား၊ သူ၏တိမ်းညွတ်ခြင်း၊ စိတ်ဆန္ဒတို့သည် အပြစ်နှင့် မစွန်းထင်းသေးသောကြောင့်ဖြစ်သည်။ သို့သော် ထိုအခြေအနေတွင် အာဒံ၏အခြေအနေသည် ပြောင်းနိုင်သောသဘောရှိခဲ့ပါသည်။ ဧဝအားဖြင့် အပြစ်သို့ သွေးဆောင်ခြင်းခံရသောအခါ၊ ဘုရားသခင်ကိုဆန့်ကျင်လျှင်၊ မစားခိုင်းသည်ကို စားရန်ရွေးချယ်ခဲ့သည်။ ထိုအခါမှစ၍ အပြစ်ကင်းစင်ခြင်းအခြေအနေမှ ကျဆုံးသွားခဲ့ပါသည်။

| Pre-Fall Man | Post-Fall Man | Reborn Man | Glorified Man |
|---|---|---|---|
| able to sin | able to sin | able to sin | able to not sin |
| able to not sin | unable to not sin | able to not sin | unable to sin |

ဩဂတ်စတင်ကိုယ်တိုင်ပြောသည်ကိုကြည့်ကြပါမည်။ လူ၏မူလအခြေအနေသည် အပြစ်လည်းလုပ်နိုင်သလို၊ မလုပ်ဘဲလဲနေနိုင်ပါသည် (ပိုစေးပခါရေး၊ ပိုစေးနန်းပခါရေး)။ အာဒံ၏မူလအပြစ်တွင် လူသည် အပြစ်မလုပ်ဘဲနေနိုင်ခြင်းအစွမ်း(ပိုစေနန်းပခါရေး)ကို ဆုံးရှုံးသွားပါသည်၊ သို့သော် အပြစ်ကိုသာ လုပ်နိုင်ခြင်းအစွမ်းသတ္တိ(ပိုစေးပခါရေး)ကို ရလာခဲ့သည်။ ကျေးဇူးတော်ပြည့်စုံသော အချိန်ရောက်လျှင် လူထံမှနေ၍ အပြစ်ကိုသာလုပ်နိုင်ခြင်းအစွမ်းသတ္တိ(ပိုစေးပခါရေး)ကို ဖယ်ရှားလျှက် အပြစ်ကို မလုပ်နိုင်တော့သောအစွမ်းသတ္တိ(နန်းပိုစေးပခါရေး)ကို ပိုင်ဆိုင်လာမည်ဖြစ်သည်။